အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်

**ဒီပဲယင်းမြို့နယ် နှင့် ရသေ့တောင်မြို့နယ်များတွင် အကြမ်းဖက်စစ်ကောင်စီ၏ အရပ်သားပြည်သူလူထုအား လေကြောင်းတိုက်ခိုက်မှုအပေါ် သဘောထားထုတ်ပြန်ကြေညာချက်။**

မြန်မာနိုင်ငံအနှံ့အပြားတွင် အကြမ်းဖက်စစ်ကောင်စီ၏ အရပ်သားပြည်သူများအပေါ် လေကြောင်းတိုက်ခိုက်မှုများကို ရည်ရွယ်ချက်ရှိရှိ ဆက်လက်ပြုလုပ်နေခြင်းအား အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ပြင်းထန်စွာ ရှုံ့ချပါသည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကောင်စီလေတပ်မှ တိုက်လေယာဉ်တစ်စီးသည် ဒီပဲယင်းမြို့နယ်၊ အိုးထိန်တွင်းကျေးရွာရှိ စာသင်ကျောင်းအား ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကျောင်းသားများနှင့် ဆရာမ နှစ်ဦးအပါအဝင် အနည်းဆုံး ၂၂ ဦး သေဆုံးခဲ့ပြီး အခြားပြည်သူ ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဤသေဆုံးသူများမှာ မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းသား/သူများနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ရှိ ဆရာ/ဆရာမများ ဖြစ်ကြပါသည်။ ဤကဲ့သို့ အပြစ်မဲ့ပြည်သူလူထုအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုဖြစ်ပြီး နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်ပါသည်။ နယ်မြေဒေသမှ သတင်းပေးပို့ချက်များအရ၊ အနီးနားရှိ အိမ် သုံးလုံးလည်း ပျက်စီးသွားခဲ့ပြီး၊ ဒဏ်ရာရရှိမှုပြင်းထန်ခြင်းနှင့် ဆေးဝါးရရှိမှုမရှိခြင်းတို့ကြောင့် သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်လာနိုင်ပါသည်။

တစ်ဖန် မေလ ၁၃ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ထွန်းရဝေရွာအား အကြမ်းဖက်စစ်ကောင်စီ၏ တိုက်လေယာဉ်တစ်စီးမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အမျိုးသမီးများနှင့် ကလေးများအပါအဝင် အနည်းဆုံး အရပ်သား ၁၃ ဦး သေဆုံးခဲ့ပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့ပါသည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးနှစ်လုံး ပါဝင်ခဲ့ပြီး အိမ် ၁၂ လုံး လုံးဝပျက်စီးသွားခဲ့ပါသည်။ အလောင်း ၁၃ လောင်း ဆယ်ယူရရှိခဲ့ကြောင်း၊ အပျက်အစီးများအောက်တွင် နောက်ထပ်သေဆုံးသူများ ပိတ်မိနေနိုင်သဖြင့် သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်လာနိုင်ကြောင်း မြေပြင်အချက်အလက်အရ သိရပါသည်။

လျှင်နောက်ပိုင်း ဧပြီလ ၂-၃၀ ပထမအကြိမ်ကြေငြာပြီးနောက် မှ မေလ ၃၁ ရက်နေ့အထိ တိုးချဲ့ကြေညာခဲ့သော အပစ်အခတ်ရပ်စဲရေးကာလတွင်ပင် ဤစစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ခြင်းသည် အကြမ်းဖက်စစ်ကောင်စီ၏ အရပ်သားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုနှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများအပေါ် လုံးဝလျစ်လျူရှုမှုကို ပြသနေပါသည်။ ကျောင်းများ၊ နေအိမ်များနှင့် အရပ်သားခိုလှုံရာနေရာများသည် အကြမ်းဖက်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများအတွက် အဓိကပစ်မှတ်များ ဖြစ်လာခဲ့ကြောင်းတွေ့ရှိရပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် ယခုအခါ ထိရောက်မှုရှိသော အရေးယူဆောင်ရွက်မှု ပြုလုပ်ရန် သက်သေအထောက်အထားများ လုံလောက်စွာ ရှိနေပြီးဖြစ်ပါသည်။ ဆက်လက်ဆိတ်ဆိတ်နေခြင်းနှင့် အရေးမယူဘဲနေခြင်းသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုစကတည်းက အရပ်သားများ၏ အသက်ပေါင်းမရေမတွက်နိုင်အောင် ဆုံးရှုံးစေခဲ့သော အကြမ်းဖက်စစ်ကောင်စီကို ပိုမိုရဲတင်းလာစေရန်သာ အထောက်အကူပြုနေခြင်းဖြစ်သည်။ အကြမ်းဖက်စစ်ကောင်စီသည် ယခုကဲ့သို့အပြစ်ပေးခံရခြင်းမှ လွတ်ကင်းနေလျက် အရပ်သားများအပေါ် အကြမ်းဖက်မှုကို စဉ်ဆက်မပြတ် မြှင့်တင်ခဲ့ပြီး၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအား ရက်စက်ကြမ်းကြုတ်သော လေကြောင်းတိုက်ခိုက်မှုများနှင့် ထိုးစစ်များပြုလုပ်ကာ အရပ်သားပြည်သူ၊ အမျိုးသမီး၊ ကလေးငယ်များအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းဖြင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ပါသည်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား အောက်ပါတို့ကို အရေးပေါ် တောင်းဆိုပါသည်-**

၁။ အကြမ်းဖက်စစ်ကောင်စီ၏ စစ်အုပ်စုအား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန်နှင့် စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန် အထူးနိုင်ငံတကာခုံရုံးတစ်ခု တည်ထောင်ရန်။

၂။ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်စစ်ကောင်စီအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှုကို ချမှတ်ရန်၊ အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသော ဂျက်လေယာဉ်ဆီ၊ လေယာဉ်အစိတ်အပိုင်းများနှင့် စစ်ဘက်ဆိုင်ရာ နည်းပညာများ ပံ့ပိုးမှုကို ချက်ချင်းရပ်ဆိုင်းရန်။

၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများသို့ တိုက်ရိုက် လူသားချင်းစာနာမှုအကူအညီ ရန်ပုံငွေပေးအပ်ရန်၊ အကူအညီများသည် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ စံနှုန်းများနှင့်အညီ ပေးအပ်ကြောင်း သေချာစေရန်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ဒီပဲယင်းနှင့်ရသေ့တောင်တွင် သေဆုံးသွားခဲ့ရသော အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ်များနှင့် ပညာရေးဝန်ထမ်းများအတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းထံမှ စကားလုံးများသာမကဘဲ လက်တွေ့အရေးယူဆောင်ရွက်မှု ပြုလုပ်ရန် တောင်းဆိုပါသည်။

**ဆက်သွယ်ရန်**
အီးမေးလ် - secretariat@womenofburma.org